Bibliographic Data

Author	ဇော်ဂျီ	Zawgyi	Jo‘ gyi¯	**Art.** ZG0007
Article Title	ပန်းပန်လျက်ပဲ (Flowering) Pan‘" pan lyak‘ pai			
Title (Book/Serial)	ဆရာဇော်ဂျီ စာပေါင်းချုပ် ပထမတွဲ Collected Works of Saya Zawgyi, Vol.1			
Issue and Volume				
Edition				
Place/ Publisher	Union of Myanmar Literary and Journalist Organization			
Distributor				
Ed. Date	1993			
Pagination	p. 46			
Annotation				
Subject Terms	1. Myanmar Poetry - 20th century			
Key Words	poem			

ပန်းပန်လျက်ပဲ

✵ ညှိပြာပြာ၊ လတာပြင့်ခြေရင်း။
လှိုင်းတက်ရာ ဗေဒါတက်၊ လှိုင်းသက်ရာဆင်း။

✵ ဆင်းရလဲ မသက်သာ၊
အုန်းလက်ကြွေ ရေပေါ်လော၊ မျောစုန်လို့လာ။
အဆင်းနဲ့ အလာ၊ ဗေဒါမအထွေး။
အုန်းလက်ကြွေ သူ့နံဘေး၊ ဆောင့်ခဲ့ရသေး။

✵ ဆောင့်ခဲ့လဲ မသက်သာ။
နောက်တစ်ချီ ဒီတစ်လုံးက၊ ဖုံးလိုက်ပြန်ပါ။
မြုပ်လေပေါ်ပေါ်မလာ၊ မဗေဒါအလှ။
တစ်လံကွာလှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ။

✵ ပေါ်ပြန်လဲ မသက်သာ။
ချောင်းအဆွယ် မြောင်းငယ်ထဲက၊ ဘဲထွက်လို့လာ။
ဘဲအုပ်မှာ တစ်ရာနှစ်ရာ၊ ဗေဒါကတစ်ပင်တဲ။
အယက် အကန်ခံလို့
ဗေဒါပုံ့အံ့ကိုခဲ၊ ပန်းပန်လျက်ပဲ။

တက္ကသိုလ် အိုးဝေမဂ္ဂဇင်း၊ ၁၉၆၀။